ကယ်တင်ခြင်းသင်ခန်းစာများ

(နံဝိညာဉ်ဖြင့်ကိုးကွယ်ခြင်း)

ဘုရားသခင်သည်တလောကလုံး၏ တရားသူကြီးဖြစ်ကြောင်းသိရှိခဲ့ရပြီ။ ထိုတရားသူကြီးက သူ့ကိုကိုးကွယ်သောသူသည် နံဝိညာဉ်ဖြင့်ကိုးကွယ်ရမည်ဟု ပညတ်ထားသည်။

နံဝိညာဉ်ဖြင့်ကိုးကွယ်ရမည်

သခင်ယေရှုက၊ "ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကိုနံဝိညာဉ်ဖြင့်၎င်း၊သစ္စာတရား(သမ္မာတရား)နှင့်၎င်း၊ ကိုးကွယ်ရမည့်အချိန်ကာလသည် လာ၍ယခုပင်ရောက်လျက်ရှိ၏။ အကြောင်းမူကားထို သို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏။ ဘုရားသခင်သည်နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကိုကိုးကွယ်သောသူတို့သည် နံဝိညာဉ်နှင့်၎င်း၊ သစ္စာ (သမ္မာတရား) နှင့်၎င်းကိုးကွယ်ရမည်" ဟု မိန့်တော်မူ၏။ (ယော ၄း ၂၃-၂၄)

စိတ်နှင့်ကိုယ်ခန္ဓာ၏ အလိုသို့သာလိုက်သောသူသည် တိရိစ္ဆာန်ဖြစ်သည်။ အကြောင်းမှာ တိရိစ္ဆာန်များလည်း ကိုယ်ခန္ဓာ နှင့်စိတ်၏ အလိုသို့သာလိုက်ကြသောကြောင့် ဖြစ်သည်။

မည်သို့နည်း

ဘုရားသခင်ကိုမည်ကဲ့သို့ နံဝိညာဉ်အားဖြင့်ကိုး ကွယ်ရမည်နည်း? ဝိညာဉ်ဖြင့်ကိုးကွယ်ခြင်းဆိုသည်မှာ အဘယ်သို့နည်း? များသောအားဖြင့် ဤသို့ယူဆတတ်ကြသည်။ နံဝိညာဉ်ဖြင့်ကိုးကွယ်ခြင်းဆိုသည်မှာ-

(က)စိတ်နှလုံးပါပါနှင့်ကိုးကွယ်ရမည်ဟူ၍၎င်း၊

(ခ)စိတ်ရောကိုယ်ပါကိုးကွယ်ရမည်ဟူ၍၎င်း၊

(ဂ)သစ္စာရှိစွာကိုးကွယ်ရမည်ဟူ၍၎င်းဖြစ်သည်။

သို့သော်ထိုအရာများသည် နံဝိညာဉ်မဟုတ်သောကြောင့်မှားယွင်းနေပါသည်။ စိတ်နှလုံးသည်ဝိညာဉ်မဟုတ်ပါ။

ကိုယ်၊စိတ်၊ဝိညာဉ်

ဘုရားသခင်သည်လူကိုဖန်ဆင်းသောအခါ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ် သုံးမျိုးဖြင့်ဖွဲ့စည်း ဖန်ဆင်းထားသည်။ ထိုသုံးမျိုးထဲတွင် ဘုရားသခင်နှင့်တူညီသောအပိုင်းမှာ ဝိညာဉ်ဖြစ်သည်။ လူသည်ထိုဝိညာဉ်အားဖြင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နိုင်သည်။ လူသည်ထိုဝိညာဉ်အားဖြင့် ဘုရားသခင်ကို ကိုးကွယ်ရမည်ဖြစ်သည်။ ထိုဝိညာဉ်အားဖြင့် ဘုရားသခင်နှင့်စကားပြောနိုင်၊ အလိုတော်ကိုသိနိုင်သည်။ အဘယ်ကြောင့်ဆိုသော်ဝိညာဉ်အချင်းချင်း ဖြစ်သောကြောင့်ဖြစ်သည်။

ရှင်ပေါလုက၊ "ဘုရားသခင်သည်ဝိညာဉ်တော်အားဖြင့်ငါတို့အားဖော်ပြတော်မူ၏" ဟုဆိုသည်။ (၁ကော ၂း၁၀) တဖန် "ငါတို့သည်ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည်ငါတို့၏ ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏"ဟုဆိုသည်။ (ရောဂး၁၆) ထို့ကြောင့်ဘုရားဝိညာဉ်နှင့်လူဝိညာဉ် ဆက်နေမှသာ နံဝိညာဉ်နှင့်ကိုးကွယ်နိုင်သည်။

အောက်ပါပုံ၌ဘုရားဝိညာဉ်နှင့်လူဝိညာဉ်သည် ဆက်စပ်နေသည်။



ထို့ကြောင့်လူ၏ဝိညာဉ်သည်ဘုရားသခင်ထံမှထာဝရအသက်ကိုရရှိခံစားသည်။ ဘုရားသခင်၏အလိုတော်ကိုလည်း သိသည်။ ထိုအခါလူ၏ဝိညာဉ်က လူ၏စိတ်နှလုံးကိုအုပ်ချုပ် ညွှန်ကြားနိုင်သည် ထိုအခါစိတ်သည်ဝိညာဉ်၏ညွှန် ကြားချက်အတိုင်း ဘုရားအလိုတော်ကိုသိ၍ ကိုယ်ခန္ဓာကိုညွှန်ကြားနိုင်သည်။ ထို့ကြောင့်စိတ်နှင့်ကိုယ်ခန္ဓာ သည်ဘုရားသခင်အလိုတော်အတိုင်း အသက်ရှင်ခြင်း အားဖြင့် ဘုရားဘုန်းတော်ထင်ရှားနိုင်သည်။

ထိုသို့ဘုရားသခင်ကလူ၏ဝိညာဉ်ကိုညွှန်ကြား၍ ဝိညာဉ်ကစိတ်ကိုဌင်း၊ စိတ်ကခန္ဓာကိုဌင်း၊ ညွှန်ကြားအုပ်ချုပ်နိုင်မှသာစစ်မှန်သောလူဟုခေါ်နိုင်သည်။ ဤအခြေအနေသည်အပြစ်မလုပ်မီ အာဒံ၏ အသက်တာ၌ တွေ့နိုင်သည်။ အာဒံသည် အပြစ်မလုပ်မီ၌ ဝိညာဉ်အသက်ရှင်လျက်၊ စိတ်နှင့်ကိုယ်ခန္ဓာလည်း ကောင်းမွန်ခဲ့သည်။

ဘုရားနှင့်အဆက်ပြတ်ခြင်း

လူသားအားလုံး၏ဖခင်ဖြစ်သောအာဒံသည် ဘုရားသခင်နှင့်ဆက်စပ်လျက်အခြေအနေကောင်းခဲ့ ရာမှစာတန်၏ လုပ်ဆောင်ချက်ကြောင့်ဘုရားသခင်နှင့် အဆက်ပြတ်သွားသည်။ အာဒံသည်စာတန်၏စကား နားထောင်၍ ဘုရားသခင်တားမြစ်ထားသော ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးကို စားလိုက်သည်။ (ကၡး၁-၇)ထိုအချိန်မှစ၍ အာဒံသည်ဘုရားသခင်နှင့် အဆက်ပြတ်တောက်၍ အပြစ်သားဖြစ်လာသည်။ (ကၡး၂၃)





အထက်ပါပုံအတိုင်း အာဒံသည်ဘုရားစကား နားမထောင်သောကြောင့်သူ့ဝိညာဉ်နှင့်ဘုရားသခင် အကြားဆက်သွယ်မှုပြတ်တောက်သွားသည်။ ဘုရားနှင့်လူအကြားအပြစ်တိမ်ကာဆီးနေသည်။ မိုးတွင်း၌ နေထွက်သော်လည်း မိုးတိမ်ကြောင့် နေကိုမတွေ့နိုင်သကဲ့သို့အပြစ်ကြောင့် ဘုရားနှင့်လူကိုကွာခြားစေသည်။ (ဟေရာ ၅၉း၂) ထို့ကြောင့်ဘုရားသခင်သည်လူ၏ဝိညာဉ်ကိုညွှန်ကြားခြင်းမရှိတော့ချေ။ ထာဝရအသက် လည်းဆုံးရှုံးခဲ့ရသည်။ ဝိညာဉ်သည် ဘုရားနှင့်အဆက် ပြတ်သောကြောင့် အသေဖြစ်ကာ စိတ်နှလုံးကိုညွှန်ကြားခြင်းမရှိတော့ချေ။ ထိုအခါစိတ်သည်ဘုရား၏နေရာကိုယူ၍ မိမိစိတ်ကြိုက်ကိုယ်ခန္ဓာကိုညွှန်ကြားအုပ်ချုပ်လာသည်။ ထို့ကြောင့် ကိုယ်ခန္ဓာသည်စိတ်၏အလိုဆန္ဒအတိုင်းတာလှုပ်ရှားလာသည်။

တိရိစ္ဆာန်ဖြစ်

ထိုသို့စိတ်နှလုံးသည်ကိုယ်ခန္ဓာကိုအုပ်ချုပ်လျက်နေသောကြောင့် ဘုရားအလိုတော်နှင့်မကိုက်ညီတော့ချေ။ အာဒံ၏ဝိညာဉ်သည်ရှိနေသော်လည်း မရှိသကဲ့သို့ဖြစ်သည်။ ထို့ကြောင့်သူ၏ကိုယ်ခန္ဓာနှင့် စိတ်၏အလိုသို့သာလိုက်ရသည်။ ထိုသို့စိတ်နှင့်ကိုယ်ခန္ဓာ၏အလိုသို့သာလိုက်သောသူသည် တိရိ စ္ဆာန်ဖြစ်သည်။ အကြောင်းမှာတိရိစ္ဆာန်များလည်းကိုယ်ခန္ဓာနှင့်စိတ်၏အလိုသို့သာလိုက်ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့်အာဒံသည်လူစင်စစ်မှတိရိစ္ဆာန်ဘဝသို့ ကျဆင်းသွားသည်။

အာဒံမှဆင်းသက်လာသောလူသားတိုင်းသည်လည်း တိရိစ္ဆာန်ဖြစ်ကြ၏။ မွေးစကပင်ဝိညာဉ်ပိုင်း၌ သေနေလျက် ကိုယ်ခန္ဓာနှင့်စိတ်ပိုင်း၌သာ အသက်ရှင်နေကြ၏။ ထို့ကြောင့်ယာကေသား အာဂုက "အကယ်စင်စစ် ငါသည်လူမဟုတ်တိရိစ္ဆာန်ဖြစ်၏။ လူဥာဏ်နှင့်မပြည့်စုံ" ဟုဝန်ခံသည်။ (သု ၃၀း၂၀)

အမျက်တော်ခံရ

ထိုသို့လူသည်ကိုယ်ကာယနှင့်စိတ်အလိုကိုလိုက်သောကြောင့် ဘုရားသခင်၏အမျက်ဒေါသကိုခံရသောသူများဖြစ်ကြသည်။ (ဧ ၂း၃) မိတ်ဆွေနှင့်ကျွန်ုပ် သည်မွေးစကပင်

(၁)တိရိစ္ဆာန်သဘောနှင့်မွေးကြသည်။ ထို့ကြောင့်စိတ်နှင့်ကိုယ်ကာယအလိုသို့သာလိုက်တတ်ကြသည် (သု ၃၀း၂၀)

(၂) ဘုရားသခင်နှင့်အဆက်ပြတ်နေသည်။ ထို့ကြောင့် ဘုရားသခင်၏အလိုတော်နှင့်သဘောကိုမသိကြ။ (၁ကော ၂း၁၁-၁၄)

(၃)ထာဝရအသက်ဆုံးရှုံးသည်၊ ထို့ကြောင့်ဤလောကမှထွက်သွားသောအခါငရဲသို့သွားရမည်။ (က ၃း၁၇၊၂၁-၂၄)

(၄)ဘုရားအမျက်တော်ခံရသောသူများဖြစ်ကြသည်။ ထို့ကြောင့်ပေါ်ရွှင်ငြိမ်သက်မှုမရှိ (ဧ ၂း၃)



အထက်ပါပုံ၌ လူသည်အပြစ်ကြောင့်ဘုရားနှင့် အဆက်ပြတ်၍တိရိစ္ဆာန်ဖြစ်သွားသည်။ ဝိညာဉ်သည် အသေဖြစ်၍ လူသည်ခန္ဓာကိုယ်နှင့်စိတ်အလိုသို့သာလိုက်သည်။ ထို့ကြောင့်ဘုရားအမျက်တော်ခံရသည်။ ထို့ကြောင့်လူသည်ဤလောကမှထွက်ခွါသွားသောအခါ စိတ်နှင့်ဝိညာဉ်သည်မီး ငရဲအိုင်ထဲသို့ဆင်း၍ ခန္ဓာသည်မြေကြီးသို့ပြန်သွားရမည်။

အပြစ်ဖယ်ဖို့လို

လူသည်မိမိအမြင်၌ လူဟုကိုယ်ကိုယ်ကို မြင်ရသော်လည်းဘုရားအမြင်၌ တိရိစ္ဆာန်ဖြစ်နေပြီ။ ထို့ကြောင့်ဘုရားကို ကိုးကွယ်လျှင်လည်းစိတ်အားဖြင့် သော်၎င်း၊ ခန္ဓာကိုယ်အားဖြင့်သော်၎င်း၊ ကိုးကွယ်ကြသည်။ သို့သော်ဘုရားသခင်ကလက်မခံနိုင်။ နံဝိညာဉ်အားဖြင့်ကိုးကွယ်မှသာလက်ခံနိုင်မည်။ တနည်းအားဖြင့်လူ၏ဝိညာဉ်နှင့် ဘုရားသခင်ကို ပြန်ဆက်ရမည်။ သို့သော် ဘုရားနှင့်လူအကြား၌ အပြစ်ရှိနေသောကြောင့် နံဝိညာဉ်ဖြင့်ကိုးကွယ်၍မရချေ။ ထို့ကြောင့် နံဝိညာဉ်ဖြင့်ကိုးကွယ်နိုင်ရန် ထိုအပြစ်ကိုဖယ်ရှားဖို့လိုသည်။ ထိုအပြစ်အကြောင်းကိုနောက်လ၌ဆက် လက်၍လေ့လာကြပါစို့။

ဧဝံဂေလိဆရာတစ်ဦး။